
BURMESE - *"The Two Roads"*

# လမ်းနှစ်သွယ်



**လမ်းကိုရွေးချယ်ခြင်း။** ကျွန်ုပ်တို့သည် မိမိမရောက်ဖူးသော နေရာတခုသို့ ခရီးထွက်မည်ဟုအစပြုလျှင်၊ မည်သည့်လမ်းဖြင့် သွားရမည်ကို စူးစမ်းဆင်ခြင်ရပါသည်။ ခရီးသွားသည့်အခါ၌လည်း ပတ်ဝန်းကျင်ကို သတိပြု၍ကြည့်ရှုသွားရမည်ဖြစ်ပြီး သွားနေသော လမ်းသည် မှားနေသေးလျှင် မှန်သောလမ်းကို ပြန်လှည့်၍ သွားရမည် ဖြစ်သည်။

သင်နှင့်ကျွန်ုပ်သည် ဤလောကကိုဖြတ်သန်းပြီး ထာဝရကာလသို့ နေ့စဉ်ခရီးသွား နေသူများဖြစ်သည်။ မည့်သည့်အခါမျှ ကုန်ဆုံးနိုင်မည် မဟုတ်သောပန်းတိုင် ကျွန်ုပ်တို့ တကြိမ်တခါ ရောက်ခဲ့သည့်အခါ၌ ပြောင်းလဲမှုမရှိနိုင်သောနေရာသို့ဖြစ်သည်။ သင်သည် မည်သည့်နေရာသို့ သွားနေကြောင်း သိပါရဲ့လား။

**ကျွန်ုပ်တို့၏လမ်းညွှန်စာအုပ်။** ကောင်းကင်ဘုံသို့ရောက်မည့်လမ်းကို ရှင်းလင်းစွာဖေါ်ပြထားသော သမ္မာကျမ်းစာ တည်းဟူသော လမ်းညွှန်စာအုပ်ကို ဘုရားသခင်သည် မေတ္တာ၊ ဂရုဏာတော်အားဖြင့် ကျွန်ုပ်တို့ကို ပေးတော်မူသည်။ ဤစာစောင်ငယ်တွင် ဖေါ်ညွှန်းထားသောအချက်များသည် ထိုစာအုပ်မှ ကောက်နုတ်ဖေါ်ပြထားခြင်းဖြစ်သည်။ "နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍ အကျွန်ုပ်လမ်းခရီးကိုလင်းစေပါ၏" (ဆာ ၁၁၉း ၁၀၅)။

**ကျယ်သောလမ်း။** ဤလမ်းပေါ်၌သွားနေသူ အများအပြားရှိသည် " ပျက်စီးခြင်းသို့ရောက်သောလမ်းနှင့် တံခါးသည် ကျယ်ဝန်းသည်ဖြစ်၍ ဝင်သောသူတို့သည်များကြ၏(မ ၇း၁၃ )။ လူအများတို့သည် မျက်စိပိတ်လျှက်ရှိနေပါသည်။

သူတို့သည်ပျက်စီးခြင်းလမ်း၌ လျှောက်သွားနေကြောင်း သတိပြုသိရှိခြင်းလည်းမရှိပါ။ "လူထင်သည်အတိုင်း မှန်သောလက္ခဏာရှိသော်လည်း၊ အဆုံး၌သေခြင်းသို့ ပို့သောလမ်းတမျိုးရှိ၏" (သု ၁၄း၁၂)။ "ဧဝံဂေလိတရား၏အရောင်သည် အလင်းကို မပေးစေခြင်းငှါ.....သူတို့၏ ဉာဏ်မျက်စိကို ကွယ်စေ၏" (၂ကော ၄း၄)။

**ဝန်ထုပ်များ။** ဤလမ်း၌ လျှောက်သွားနေသော သူများသည်အပြစ်ဒုစရိုက် ဝန်ထုပ်များ၏ ဖိစီးခြင်းကိုခံနေရသည်၊ "လူအပေါင်းသည် ဒုစရိုက်ကိုပြု၍ ဘုရားသခင့်ရှေ့တော်၌ အသရေပျက်ကြပြီ" (ရော ၃း၂၃)။ ကျွန်ုပ်တို့သည် အပြစ်တခုကိုပင် ဘုရားသခင်ထံတော်မှ ပုန်းရှောင်စေနိုင်ခြင်း မရှိပါ "လူသည် အဆင်းသဏ္ဌာန်ကို ကြည့်ရှုတတ်၏။ ထာဝရဘုရားမူကား နှလုံးကို ကြည့်ရှုတတ်သည်" (၁ ရာ ၁၆း၇)။ ဝန်ထုပ်များကို သူတို့နောက်ကျောပေါ်၌ ချည်နှောင်ထားခြင်း ခံကြရသည်။ သင်နှင့် ကျွန်ုပ်တို့၏ ကြိုးပမ်းအားထုတ်မှုဖြင့်၊ အပြစ်တခုကိုမျှ လွတ်သွားစေခြင်းငှါ မတတ်နိုင်ပါ။ အချိန်ကြာလေလေ၊ ဝန်ထုပ်သည် ပို၍လေးလာလေဖြစ်သည်။ "အပြစ်တရား၏အခကား သေခြင်းပေတည်း"(ရော ၆း၂၃)။

**လျှပ်စစ်ပြက်ခြင်း။** ရုပ်ပုံ၌ပြထားသော လျှပ်စစ်ပြက်ခြင်းသည် ဘုရားသခင်၏ တရားဆုံးဖြတ် စီရင်တော်မူခြင်းကို ဖော်ညွှန်းသည်။ "လူသည်တခါတည်းသေ၍၊ ထိုနောက်မှ တရားစီရင်တော်မူခြင်းကို ခံရသကဲ့သို့" (ဟေဗြဲ ၉း၂၇)။ "တဖန်တုံဖြူသော ပလ္လင်ပေါ်မှာ ထိုင်တော်မူသော သူကိုငှင်း ငါမြင်၏......သေလွန်သောသူ အကြီးအငယ်တို့သည် ပလ္လင်တော်ရှေ့မှာ ရပ်နေကြသည်ကို ငါမြင်၏။......သေလွန်သောသူတို့သည် မိမိတို့အကျင့်အတိုင်း စာစောင်တို့၌ ရေးထားချက်များနှင့်အညီ၊.....စာရင်းမဝင်သောသူ ရှိသမျှတို့ကိုလည်း မီးအိုင်ထဲသို့ ချပစ်လေ၏" (ဗျာ ၂၀း၁၁၊၁၂၊၁၅)။

**မီး။** ဘုရားသခင်သည် ဖြောင့်မတ်သန့်ရှင်းတော်မူသည်ဖြစ်၍၊ အပြစ်ဒုစရိုက်အတွက် အပြစ်ဒဏ်ပေးခြင်း ရှိရမည်ဖြစ်သည်။ နှုတ်ကပတ်တော်က ဘုရားသခင်၏စကားတော်ကို နားမထောင်သောသူများအတွက် ထာဝရ အပြစ်ဒဏ်ခံရာဖြစ်သော ငရဲ ဟူသောနေရာရှိကြောင်း ပြောထားပါသည်။ "ထိုသူတို့သည် ပျက်စီးခြင်း၌ လမ်းဆုံးတတ်ကြ၏။ သူတို့၏ဘုရားမူကား၊ မိမိတို့ဝမ်းပေတည်း၊....... လောကီအရာတို့ကိုသာ စိတ်စွဲလမ်းခြင်းရှိကြ၏" (ဖိ ၃း၁၉)။

သို့ရာတွင် ဘုရားသခင်သည် မေတ္တာတော်အရှင်ဖြစ်သည်။ "ငါတို့တွင် အဘယ်သူမျှ မပျက်စီးဘဲ၊.....ငါတို့ကို သည်းခံတော်မူ၏" (၂ ပေ ၃း၉)။ ကိုယ်တော်၏ ကြီးမားသော ကရုဏာ၊ မေတ္တာတော်ဖြင့် အမှန်လိုအပ်သူများအတွက် လွတ်မြောက်ရာလမ်းတခုကို ထားတော်မူသည်။ အသက်လမ်းကို သင်ရှာတွေ့ချင်ပါသလား။

**အသက်ခရီးလမ်း– ကယ်တင်ရှင်။** ကျွန်ုပ်တို့သည် မိမိတို့၏ အပြစ်ဒုစရိုက်များမှငှင်း၊ ကျွန်ုပ်တို့၏ အပြစ်များအတွက် တရားမျှတသော အပြစ်ဒဏ်မှငှင်း၊ မိမိတို့ဘာသာ မိမိတို့ လွတ်မြောက်နိုင်ခြင်း မရှိသည်ဖြစ်၍၊ ဘုရားသခင်သည် ကယ်တင်ရှင်တပါးကို ပေးအပ်တော်မူသည်။ "ဘုရားသခင်၏ သားတော်ကို ယုံကြည်သောသူအပေါင်းတို့သည် ပျက်စီးခြင်းသို့မရောက်၊.....သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကီသားတို့ကို ချစ်တော်မူ၏ (ယော ၃း၁၆)။ အဖဘုရားသည် တပါးတည်းသောသားတော် သခင်ယေရှုခရစ်တော်ကို ကောင်းကင်ဘုံမှ ဤလောကသို့ စေလွှတ်တော်မူရာ၌၊ ကိုယ်တော်သည် လူကဲ့သို့နေထိုင်တော်မူသော်လည်း၊ မည်သည့်အခါ၌မျှ အပြစ်ပြုတော်မမူပါ။ လူများအတွက် မွန်မြတ်သောအမှုများဖြစ်သည့်၊ ရောဂါပေးပျောက်ခြင်း၊ လူနူများကို ကုသပျောက်ကင်းစေခြင်း၊ နတ်ဆိုးများကို နှင်ထုတ်ခြင်း၊ မိမိ၏အပြစ်ဒုစရိုက်များ အတွက် ဝမ်းနည်းကြေကွဲခြင်း ဖြစ်နေသူများကို အပြစ်လွှတ်တော်မူခြင်းနှင့် ဘုရားသခင်အကြောင်းကို သူတို့အား သွန်သင်ပြခြင်းများပြုတော်မူသည်။

သို့ရာတွင် လူ့ဇာတိခံယူခြင်း၌ ကိုယ်တော်၏ ကြီးမားသောရည်ရွယ်ချက်မှာ ဘုရားသခင်အား အပြစ်မရှိသော အသက်တာကို ပေးအပ်နိုင်ရန်အတွက်၊ ကျွန်ုပ်တို့အားလုံးအဖို့ စွန့်လွှတ်ပူဇော်သည့် အနေဖြင့် အသေခံရန်နှင့် ကိုယ်တော်၏

အဖိုးထိုက်တန်လှသော အသွေးတော်အားဖြင့် ကျွန်ုပ်တို့၏ အပြစ်များကို ပေးအပ်ရန်ဖြစ်ပါသည်။ ကိုယ်တော်သည် ကောက်ကျစ်စဉ်းလဲသောသူများအား မိမိကိုဆောင်ယူရန်၊ နောက်ကျောကို သားရေကြာပွတ်နှင့် ရိုက်သဖြင့် အက်ကွဲ၍ သွေးဖြင့်ဖုံးလွှမ်းနေရန်၊ ဦးခေါင်းတော်ပေါ်၌ ဆူးနှင့်ရက်လုပ်ထားသော သရဖူကို စွပ်ခြင်းခံရရန်နှင့် အဆုံး၌လက်ဝါးကပ်တိုင်ပေါ်၌ လက်နှင့်ခြေများကို သံနှင့် ရိုက်ထားခြင်းဟူသော၊ ပြင်းပြသောဝေဒနာကို ခံတော်မူရန်ခွင့်ပေးအပ်နှင့် တော်မူသည်။ "ငါတို့အပြစ်များကို ကိုယ်တော်တိုင် သစ်တိုင်မှာ ခံတော်မူပြီး" (၁ ပေ ၂:၂၄)။ ကိုယ်တော်သည် သင်နှင့် ကျွန်ုပ်အတွက် အသေခံတော်မူသည်။

**ကိုယ်တော်၏ ရှင်ပြန်ထမြောက်တော်မူခြင်း။** သင်္ချိုင်းတွင်း၌ သုံးရက်သင်္ဂြိုလ်ပြီးမှ ယေရှုခရစ်သည် သေခြင်းမှ ရှင်ပြန်ထမြောက်တော်မူ၏။ ကိုယ်တော်သည် မိမိ၏တပည့်တော်များထံသို့ သွားပြီးစကားပြောတော်မူသည်။ ထိုနောက် အရက်လေးဆယ်လွန်သောအခါ၊ ကိုယ်တော်သည် ကောင်းကင်ဘုံသို့ တက်ကြွသွားတော်မူပြီး ဘုရားသခင်၏ လက်ျာတော်ဘက်၌ ထိုင်နေတော်မူ၏ (ရော ၈:၃၄)။ "ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း၊ စီရင်ပိုင်သောအခွင့်တန်ခိုးရှိသမျှတို့ကို ငါခံရပြီ" (မ ၂၈:၁၈)။ "အကြင်သူတို့သည် ယေရှုအားဖြင့် ဘုရားသခင် အထံတော်သို့ ချဉ်းကပ်ကြ၏။.....သူတို့ကို အစဉ်ကယ်တင်ခြင်းငှါ တတ်နိုင်တော်မူ၏" (ဟေဗြဲ ၇:၂၅)။

**ကောင်းကင်ဘုံ။** ကောင်းကင်ဘုံသည် ဘုရားသခင်မှ အလုံးစုံသော ဘုန်းအာနုဘော်တော်ဖြင့် စံပယ်တော်မူသော နေရာဖြစ်သည်။ "သင်တို့နေစရာ အရပ်ကိုပြင်ဆင်ခြင်းငှါ ငါသွားရ၏။.....ငါရှိရာအရပ်၌ သင်တို့ရှိစေခြင်းငှါ၊ သင်တို့ကို ငါ့ထံသို့သိမ်းဆည်းမည်" (ယော ၁၄:၂၊၃)။

ထိုနေရာသည် အံ့ဩဖွယ်ကောင်းသော နေရာဖြစ်ပြီး၊ "ဘုရားသခင်သည် သူတို့၏မျက်စိ၌ မျက်ရည်ရှိသမျှတို့ကို သုတ်တော်မူမည်။ နောက်တဖန် သေဘေးမရှိရ။ စိတ်မသာညည်းတွားခြင်း၊ အော်ဟစ်ခြင်း၊ ပင်ပန်းခြင်းလည်းမရှိရ။ အကြောင်းမူကား‌ရှေးဖြစ်ဘူးသော အရာတို့သည် ရွေ့သွားကြပြီ" ထိုမြို့၌ ညဉ့်မရှိရ၊ ဆီမီးကိုအလိုမရှိ .......ထာဝရအရှင်ဘုရားသခင်သည် သူတို့၌ရောင်ခြည်တော်ကို လွှတ်တော်မူ၍.....(ဗျာ ၂၁:၄၊ ၂၂:၅)။ ထိုနေရာသည် အထွတ်အမြတ်နေရာဖြစ်သည်။ "ညစ်ညူးသောအရာ၊ စက်ဆုပ်ဘွယ်သောအရာ၊ သစ္စာပျက်သောအရာ တစုံတခုမျှ မဝင်ရဘဲ၊ သိုးသငယ်၏အသက်စာစောင်၌ စာရင်းဝင်သောသူတို့သာလျှင်ဝင်ရ၏" (ဗျာ ၂၁:၂၇)။

ကောင်းကင်သို့သွားရာလမ်းတလမ်းသာရှိသည်။ "ငါသည်လမ်းခရီးဖြစ်၏၊ သမ္မာတရားလည်းဖြစ်၏၊ အသက်လည်းဖြစ်၏။ ငါ့ကိုအမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။" (ယော ၁၄:၆)။ "ထိုသခင်၏ နာမတော်မှတပါး၊ ငါတို့ကိုကယ်တင်နိုင်သော နာမတစုံတခုမျှ ကောင်းကင်အောက် လူတို့တွင်မပေါ်မရှိ" (တ ၄:၁၂)။

**ကောင်းကင်ဘုံသို့ သွားရာလမ်းကို ကျွန်ုပ်တို့ မည်သို့အစပြုနိုင်မည်နည်း။**

၁။ နောင်တရကြလော့။ ဧဝံဂေလိတရားကို ယုံကြည်ကြလော့ (မာ ၁:၁၅ )။

၂။ သင်၌ အပြစ်ဝန်ထုပ်ရှိနေလျက်ပင် သခင်ခရစ်တော်ထံသို့ သင်ကိုအပြစ်မှလွှတ်ရန် ဆုတောင်းခြင်းဖြင့်လာပါ။ ကိုယ်တော်က "ငါ့ထံသို့ လာသောသူကို ငါသည်အလျှင်းမပယ်" (ယော ၆:၃၇) ဟု မိန့်တော်မူသည်။ "ဝန်လေး၍ ပင်ပန်းသောသူအပေါင်းတို့ ငါ့ထံသို့ လာကြလော့၊ ငါသည် ချမ်းသာပေးမည်" (မသဲ ၁၁:၂၈)။

၃။ သင်တို့အပြစ်မှကယ်လွှတ်ရန် ခရစ်တော်တပါးတည်းသာယုံကြည်ပါ။" ဘုရားသခင်၏သားတော် ယေရှုခရစ်တော်၏ အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏" (၁ယော ၁:၇)။

၄။ ကိုယ်တော်သည် ထာဝရအသက်တည်းဟူသော အသစ်သောအသက်ကို သင့်အားပေးတော်မူမည်။"ငါ့စကားကို နားထောင်၍ ငါ့စေလွှတ်တော်မူသောသူကို ယုံကြည်သောသူသည်.....သေခြင်းမှ အသက်ရှင်ခြင်းသို့ ကူးမြောက်သော သူဖြစ်၏"

(ယော ၅း၂၄)။ "လူမည်သည်ကား၊ ခရစ်တော်၌ရှိလျှင် အသစ်ပြုပြင်သောသတ္တဝါဖြစ်၏ ဟောင်းသောအရာတို့သည် ပြောင်းလဲ၍၊ ခပ်သိမ်းသောအရာတို့သည် အသစ် ဖြစ်ကြပြီ" (၂ ကော ၅း၁၇)။

၅။ သင်၏ စိတ်နှလုံးအတွင်း၌ ငြိမ်သက်ခြင်းကိုရရှိပေမည်။ "ထိုကြောင့် ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ ရောက်လျှင်၊ ငါတို့ သခင်ယေရှုခရစ်အားဖြင့် ဘုရားသခင်ရှေ့တော်၌ ငြိမ်သက်ခြင်းကို ခံစားကြ၏"(ရော ၅း၁)။ "…..ဘုရားသခင်သည်ငါတို့အား ထာဝရအသက်ကို ပေးတော်မူ၍ ထိုအသက်သည်လည်း သားတော်၌ပါ၏။ သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏ သားတော်ကို မရသောသူမူကား အသက်ကိုမရ…..ဤအရာများကို သင်တို့အား ငါရေး၍ပေးလိုက်၏" (၂ ယော ၅း၁၁-၁၃)။

**အသစ်သောအသက်တာ၌ မည်သို့ရှင်သန် နေထိုင်ရမည်နည်း။**

၁။ **သမ္မာကျမ်းကိုနေ့စဉ်ဖတ်ပါ။** ကျွန်ုပ်တို့၏ လမ်းခရီး၌ အလင်းဖြစ်စေရုံသာမက၊ စိတ်ဝိညာဉ် အတွက်လည်း အစာအဟာရဖြစ်ပါသည်။ "နှုတ်ကပတ်တရား၏ နို့စစ်အားဖြင့် ကြီးပွားမည်အကြောင်း၊ ဘွားစသောသူငယ်ကဲ့သို့၊ ထိုတရားနို့ကို အလွန်လိုချင်သော စိတ်ရှိကြလော့" (၁ ပေ ၂း၂)။ သင်ဖတ်ရှုနေစဉ်ပင် သင့်ကို ဘုရားသခင်မှ ကိုယ်တော်၏ သန့်ရှင်းသော ဝိညာဉ်တော်အားဖြင့် သွန်သင်လမ်းပြရန် တောင်းခံပါ။

၂။ **နေ့စဉ် ဘုရားသခင်အနီးသို့ ဆုတောင်းခြင်းဖြင့်လာပါ။** ယေရှု၏နာမတော်၌ ဆုတောင်းပါ။ အဘယ်အမှုကိုမျှ စိုးရိမ်ခြင်းမရှိဘဲ အရာရာ၌ ကျေးဇူးတော်ကို ချီးမွမ်းခြင်းနှင့်တကွ ဆုတောင်းပဋ္ဌနာ ပြုသောအားဖြင့်၊…..ဘုရားသခင်၏ ငြိမ်သက်ခြင်းသည် ယေရှုခရစ်အားဖြင့် သင်တို့၏ စိတ်နှလုံးတို့ကို စောင့်မလိမ့်မည်" (ဖိ ၄း၆၊၇)။

၃။ **အခြားသူများကို ခရစ်တော် အကြောင်းပြောပါ။** "သင်သည် ကိုယ်အိမ်သို့သွားလော့။ ထာဝရဘုရားသည် သနားခြင်းစိတ်တော်နှင့်…..သင်၏အဆွေအမျိုးတို့အား ပြန်ကြားလော့" (မာ ၅း၁၉)။

၄။ **စုံစမ်းနှောက်ယှက်ခြင်း ခံရသောအခါသခင်ဘုရားကိုခေါ်ပါ။** "စုံစမ်းနှောက်ယှက်ခြင်းကို ကိုယ်တော်တိုင်ခံ၍…..အမှုနှင့်တွေ့ကြုံသော သူတို့ကိုမစခြင်းငှါ တတ်နိုင်တော်မူ၏" (ဟေဗြဲ ၂း၁၈)

၅။ **သင်အပြစ်ပြုမိပြန်လျှင် ဘုရားသခင်ကို အလျှင်အမြန် ဝန်ချတောင်းပန်ပါ။** "ကိုယ်အပြစ်တို့ကိုဖော်ပြတောင်းပန်လျှင်၊ ငါတို့အပြစ်များကို လွှတ်၍၊ ဒုစရိုက်ရှိသမျှနှင့် ကင်းစင်စေခြင်းငှါ ဘုရားသခင်သည် သစ္စာတရားနှင့်၎င်း၊ ဖြောင့်မတ်ခြင်းတရားနှင့်၎င်း ပြည့်စုံတော်မူ၏" (၁ ယော ၁း၉)။

၆။ **အခြားသော ယုံကြည်သူများနှင့် သခင်ယေရှုခရစ်တော်၌ ပေါင်းဘော်ရန်ကြိုးစားပါ။** "ငါ့ပညတ်ဟူမူကား၊ ငါသည်သင်တို့ကို ချစ်သည်နည်းတူ၊ သင်တို့သည် အချင်းချင်း ချစ်ကြလော့။" (ယော ၁၅း၁၂)

၇။ **ဘုရားသခင်ကို အစဉ်ရိုသေလေးစားပါ။**"ငါ့ကိုချစ်သောသူသည် ငါ့စကားကိုနားထောင်လိမ့်မည်"(ယော ၁၄း၂၃)။

၈။ **မကြောက်နှင့်၊ ခရစ်တော်သည် သင်နှင့်အတူရှိနေသည်။** "ငါသည် သင့်ကိုမစွန့်၊ သင့်ကိုအလျှင်းပစ်၍ မထား" (ဟေဗြဲ ၁၃း၅)

၉။ **သခင်ယေရှုခရစ်တော်အား သင့်ကိုယ်ကို လုံးဝအပ်နှံပါ။** သင့်အသက်တာကို ကိုယ်တော်၏ အလိုတော်နှင့် အညီပြုရန် ခွင့်ပေးပါ။ ဤနည်းဖြင့် သင်သည်စစ်မှန်သော ဝမ်းမြောက်ခြင်းကို တွေ့မည်ဖြစ်သည်။

---

For **free** Gospel literature, books and tracts in over 540 languages, write to:
EMAIL: info@angp.co.za

**ALL NATIONS GOSPEL PUBLISHERS**

**P.O. Box 2191, PRETORIA, 0001, R.S.A.**

(A Gospel Literature Mission financed by donations)
(Reg. No. 1961/001798/08)